https://m.facebook.com/story.php?story_fbid=pfbid0UP1czf9NZjXoMHa3Cp8SWJs1NYM4sAhd2uyqCMLFS7Z3PmtANYdHQdACYsFPyvWwl&id=100068859168203&mibextid=Nif5oz



လူမျိုးကြီးဝါဒကိုင်စွဲလျှင် တော်လှန်ရေးအခွန့်ရှည်မည်ဟု KIO သဘာပတိကြီးပြော

လိုင်ဇာ - ဖေဖော်ဝါရီ ၅၊ ၂၀၂၃။

စစ်အာဏာရှင်စနစ်ကို စစ်မျက်နှာအတူဖွင့်ကာ တိုက်ခိုက်နေသော်လည်း လက်ဝါးကြီးအုပ်လိုသည့် လူမျိုးကြီးဝါဒကို ကိုင်စွဲထားပါက တော်လှန်ရေးအခွန့်ရှည်သွားမည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)Tingnyang Up(သဘာပတိ)မှ(၆၂) နှစ်ပြည့်တော်လှန်ရေးနေ့အထိမ်းအမှတ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

မိန့်ခွန်းတွင် KIO သဘာပတိဗိုလ်ချုပ်ကြီးအင်ဘန်လက လက်ရှိအချိန်တွင် "စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းမည်" ဟု ကြွေးကြော်ပြီး လက်တွဲလုပ်ဆောင်နိုင်သည့်အခြေအနေရောက်ရှိနေသော်လည်း ဗမာလူမျိုးများ၏နိုင်ငံရေးခံယူချက်များ လုံးဝပြောင်းလဲသွားသည်ကို မတွေ့ရကြောင်း အောက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

"ယခုလက်ရှိအခြေအနေမှာ "စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းမယ်" ဆိုတာကို တစ်နိုင်ငံလုံးအမြင်တူနေပြီး လက်တွဲလို့ရတဲ့အခြေအနေရောက်နေပါပြီ။ KIO ဟာလည်း NUG ရယ် ပြည်သူ့အခြေပြုလက်နက်ကိုင်အဖွဲ့တွေနဲ့ လက်တွဲပြီး စစ်ကောင်စီကို ဆန့်ကျင်တိုက်ခိုက်တဲ့နေရာမှာ အားသွန်ခွန်စိုက်ပါဝင်နေတယ်။ ဒါပေမဲ့ လူများတဲ့ ဗမာလူမျိုးတွေရဲ့

နိုင်ငံရေးခံယူချက် ပြောင်းလဲသွားတာကို ရှင်းရှင်းလင်းလင်း မမြင်ရသေးဘူး။ မြန်မာနိုင်ငံလူထုက "ဖက်ဒရယ်ဒီမိုကရေစီ" တိုင်းပြည်တည်ဆောက်ရမယ်လို့ပြောနေတာက ကောင်းတဲ့ဘက်ကို ခြေလှမ်းနေတယ်လို့ သတ်မှတ်လို့ရပါတယ်။

စစ်မှန်တဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ဖို့ အခွင့်အရေးတူညီတဲ့ ပြည်နယ်တွေ၊ ဖက်ဒရယ်ယူနစ်တွေနဲ့ တည်ဆောက်ရမယ်။ လူဦးရေများတဲ့လူမျိုးမို့ အခွင့်အရေးပိုယူလို့ မရဘူး။ လူများပေမယ့်လည်း ဗမာတွေအတွက် ပြည်နယ်သတ်မှတ်ရမယ်။ တခြားပြည်နယ်တွေ၊ ဖက်ဒရယ်ယူနစ်တွေထက် အခွင့်အရေးပိုယူလို့မရဘူး။ ဒီစနစ်ဟာ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မယ့် နည်းလမ်းပဲ။ ဒါပေမဲ့ ဒီလို (နိုင်ငံရေးပြဿနာကို) ဖြေရှင်းတဲ့အခါ အစုအဖွဲ့တစ်ခုကိုပဲ ဦးဆောင်ခွင့် မပေးရဘူး။

လူမျိုးကြီးဝါဒနဲ့ အာဏာရှင်စနစ်ကို နှစ်ပေါင်းများစွာအဆက်မပြတ်ကျင့်သုံးခဲ့ပြီမို့လို့ ဒီနေ့တော်လှန်ရေးမှာပါဝင်နေတဲ့ NUG၊ ဗမာလူထုနဲ့ အဖွဲ့အစည်းတွေဟာ လက်တွေ့လုပ်ဆောင်ပြဖို့ လိုပါတယ်။ ဒီနေ့အချိန်မှာ စစ်အာဏာရှင်စနစ်ဆိုတဲ့ရန်သူ့စစ်မျက်နှာကို အတူတိုက်ခိုက်နေကြတာမှန်ပေမယ့် လက်ဝါးကြီးအုပ်တဲ့ လူမျိုးကြီးဝါဒကို ကိုင်စွဲထားတယ်ဆိုရင်တော့ တော်လှန်ရေးအခွန့်ရှည်နေဦးမှာပဲ။" ဟု ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ ကချင်လူမျိုးများနှင့်အတူတကွယှဉ်တွဲနေထိုင်သည့် ရှမ်းလူမျိုးများအနေဖြင့် ကချင်နှင့်ရှမ်း အကြားသွေးကွဲစေသည့် တရားခံမည်သူဆိုသည်ကို သိရှိနားလည်ရန်လိုအပ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

"ကချင်လူမျိုးတွေနဲ့ အတူတကွယှဉ်တွဲနေထိုင်ကြတဲ့ ရှမ်းလူမျိုးတွေကို မှာကြားလိုပါတယ်။ လူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်စနစ်ကို အစိုးရတစ်ခုပြီးတစ်ခုဟာ ကချင်နဲ့ရှမ်းကြားက အတူတကွပေါင်းဖွဲ့နေထိုင်ခဲ့တာကို သွေးထိုးလှုံ့ဆော်သွေးခွဲခဲ့တာကြောင့် အမြင်မတူတာတွေဖြစ်ခဲ့တယ်။ ဒီလိုဖြစ်စေတဲ့ တရားခံဘယ်သူလဲဆိုတာကို ရှင်းရှင်းလင်းလင်းမြင်ဖို့ လိုပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဖိနှိပ်ခံရသူတွေပါ။ လက်ရှိအခြေအနေမှာ ဖိနှိပ်မှုကနေ လွတ်မြောက်ဖို့ အားလုံးပါဝင်ကြိုးစားကြမယ့် အချိန်ရောက်နေပြီဆိုတာကို မှာကြားလိုတယ်။" ဟု ပြောသည်။

ထို့အပြင် စစ်ကောင်စီသည် အဘက်ဘက်က ကပ်ဆိုက်သည့်ကာလရောက်ရှိနေသဖြင့် ပြည်သူလူထုတစ်ရပ်လုံး အင်အားတစ်ခုအဖြစ်စုစည်းကာ ရန်သူ့လုပ်ငန်းစဉ်ပျက်စီးသွားရန် လုပ်ဆောင်ရမည်ဟု ပြောကြားခဲ့သည်။

"ဒီလို စစ်ကောင်စီက အကြပ်အတည်းရင်ဆိုင်နေရပြီး သူ့တစ်ဖွဲ့တည်းရှိနေချိန်မှာ လူထုနဲ့ တော်လှန်ရေးအဖွဲ့တွေအားလုံး အင်အားစုတစ်ခုအနေနဲ့ လက်တွဲပြီး ရန်သူရဲ့လုပ်ငန်းစဉ်နဲ့ ရည်မှန်းချက်တွေ ကျဆုံး၊ ပျက်စီးအောင် လုပ်ဆောင်ကြရမယ်။ ဒီအချိန်မှာ စစ်မျက်နှာတစ်ခုတည်းကို ဝိုင်းတိုက်ဖို့နဲ့ အားလုံးရဲ့အသံညီဖို့ အရမ်းအရေးကြီးတယ်။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မလေးစားတာမျိုး၊ ပြစ်တင်ရှုံ့ချတာမျိုး၊ ရန်သူသတ်မှတ်တာမျိုးတွေ လုပ်ပြီး ငါတကောကောနေပြီး အတ္တစိတ်ကို ရှေ့တန်းတင်နေရင် အင်အားစုစည်းဖို့ ခက်လိမ့်မယ်။ ဒီလိုအခွင့်အရေးရနေချိန်မှာ 'အခွင့်အရေးတော့လိုချင်၊ အလုပ်တော့မလုပ်ချင်' ဆိုတာမျိုး အခွင့်အရေးအကြီးကိုပဲ စောင့်နေမယ်ဆိုရင်တော့ နောင်လာမယ့်အချိန်မှာ ပိုခက်ခဲလာလိမ့်မယ်။ ဘယ်သူမဆို ကိုယ့်နည်းလမ်းနဲ့ကိုယ် ရန်သူကိုတိုက်နေရင် စစ်အာဏာရှင်အမြစ်ပြတ်ဖို့ မလွယ်ဘူးဆိုတာကို နားလည်ရမယ်။" ဟု ဆိုသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျရောက်သည့် (၆၂) နှစ်ပြည့် တော်လှန်ရေးမိန့်ခွန်းတွင် တော်လှန်ရေးသမိုင်းကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနောက်ပိုင်းနိုင်ငံရေးအခြေအနေနှင့်၊ KIO/KIA အဖွဲ့ဝင်များအပေါ် မှာကြားချက်များနှင့် ကချင်လူထုကို မှာကြားချက်များအပြင် ကိုဗစ်၁၉ ကပ်ရောဂါဆိုင်ရာ အခြေအနေတင်ပြချက်များ ပါဝင်သည်။

စာမျက်နှာ ၇ မျက်နှာပါမိန့်ခွန်းကို ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီနာယကကြီးဗိုလ်ချုပ်ကြီးအင်ဘန်လက လက်မှတ်ရေးထိုးထားသည်။

မှတ်ချက် - KIO/KIA ၏ ၆၂ နှစ်ပြည့်မိန့်ခွန်း ဂျိန်းဖော့ (ကချင်) ဘာသာဖြင့် ထုတ်ဝေသည့် မိန့်ခွန်းကို The 74 Media က ဘာသာပြန်ထားခြင်းဖြစ်ပြီး မိန့်ခွန်းပါအကြောင်းအရာများ ကွဲလွဲချက်ရှိပါက The 74 Media ၏ လိုအပ်ချက်သာဖြစ်သည်။